အုန်းတွဲကျေးရွာ

အုန်းတွဲကျေးရွာအုပ်စု၊ မကွေးမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အုန်းတွဲကျေးရွာ

(မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၂၁

မာတိကာ

**၁။ စကားချီး** ၅

**၂။ သယံဇာတပြမြေပုံ** ၇

**၃။ ရာသီခွင်ပြပြက္ခဒိန်** ၈

**၄။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ** ၉

**၅။ တည်နေရာနှင့် ပထဝီအနေအထား** ၁၀

**၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** ၁၀

**၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

**၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** ၁၃

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၄

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(၄၈) ၁၅

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများ

ဇယား(၂) လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် အခွင့်
အလမ်းများ

ဇယား(၂၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်
အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာသူများ ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်
အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှု

ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**၉။စီမံချက်ဆိုင်ရာအဆိုပြုလွှာ(AVIP)** ၇၆

**၁၀။ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း** ၇၈

**၁၀။ကိုးကားစာရင်း** ၇၉

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁/၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အုန်းတွဲကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မကွေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

နိုဝင်ဘာလ ၊ ၂၀၂၁ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုန်းတွဲကျေးရွာ

မကွေးမြို့နယ်

၂။ အုန်းတွဲကျေးရွာ၊ သယံဇာတပြမြေပုံ



## ၃။ အုန်းတွဲကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



## ၄။ အုန်းတွဲကျေးရွာ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ(VanDiagram)



## ၅။ တည်နေရာနှင့် ပထဝီအနေအထား

အုန်းတွဲကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းတည်ရှိပြီး အုပ်စုကျေးရွာတစ်ရွာဖြစ်ပါသည်။ မကွေး–တောင်တွင်းကား လမ်းမကြီး၏ အရှေ့မြောက်ဘက် (၁၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်အနေအထားရှိပြီး အရှေ့ဘက်တွင် လက်ပုတို၊ မြောက်ဘက်တွင် စလံကျေးရွာ၊ တောင်ဘက်တွင် ယင်းဆိပ်ကျေးရွာ၊ အနောက်ဘက်တွင် ယင်းချောင်းတို့နှင့် နယ်နမိတ်ချင်းထိစပ်လျက်ရှိပါသည်။

## ၆။ ရာသီဥတုနှင့် သဘာဝအနေအထား

အုန်းတွဲကျေးရွာသည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်လက်မ(၂၀)ခန့်သာ ရွာသွန်းသောဒေသဖြစ်ပါသည်။ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြရပြီး သဘာဝမြေသြဇာအဖြစ် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြစ်သည့် နွားချေး၊ ဆိတ်ချေးများကိုသာ အဓိကထားအသုံးပြုကြရ ပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝ အပင်မျိုးစိတ်များ အသင့်အတင့်တွေ့ရှိပြီး အသုံးချ နိုင်မှု လွယ်ကူပါသည်။ သဘာဝအရင်းအမြစ်ဖြစ်သည့် သစ်တောသယံဇာတနှင့် စိုက်ပျိုးမြေ သယံဇာတများကို ပြုန်းတီးမှုနည်းပါးစေရန် ကျေးရွာသူ/ သားများမှ ဉာဏ်စွမ်းရှိသလောက် ထိန်းသိမ်းစောင့်ရှောက်ထားရှိပါသည်။

## ၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အုန်းတွဲကျေးရွာတွင် အိမ်ထောင်စုပေါင်း(၈၇၂)စုရှိပြီး ကျား(၉၂၂)ဦး၊ မ(၁၃၈၂)ဦးဖြင့် လူဦးရေ စုစုပေါင်း(၂၃၀၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၃)ဦး နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ (၇၅%)ခန့်သည် အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ပါသည်။ (၁)နှစ်အောက် ကလေး(၀.၈%)သာ ရှိသဖြင့် ကလေးမွေးဖွားနှုန်း များစွာကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အသက် (၆၅)နှစ်အထက် (၄%)ရှိသဖြင့် သက်တမ်းရှည်နေနိုင်သော ပုဂ္ဂိုလ်များ အသင့်အတင့်ရှိသည်ဟု ယူဆမိပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။

### (ခ) စီပွားရေးနှင့် အသက်မွေးဝမ်းမှု အခြေအနေ

ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီအလိုက် မြေပဲနှင့်နှမ်းတို့ကို အဓိကထားစိုက်ပျိုးပြီး ပဲဇဉ်းငုံ၊ ပဲတီးစိမ်း၊ ပဲနောက်တို့ကို စိုက်ပျိုးလျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သော်လည်း ယာမြေများမှာ မြေဆီ၊ မြေသြဇာ အသင့်အတင့်သာ ကောင်းမွန်သောကြောင့် အထွက်နှုန်းလျော့နည်းပြီး ဝင်ငွေနည်းပါးပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် နွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးနှင့်

ကြက်မွေးမြူရေးတို့ကို တစ်ပိုင်တစ်နိုင် မွေးမြူ၍ တွဲဖက်၍လည်းကောင်း၊ စီးပွားဖြစ်လည်းကောင်း လုပ်ကိုင်ကြပါသည်။

**(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ကျေးရွာအင်္ဂါရပ်နှင့်အညီ အခြေခံဖြစ်သော ဘုန်းတော်ကြီးကျောင်း(၂)ကျောင်း ၊ အခြေခံပညာ အထက်တန်းခွဲကျောင်း၊ အဝီစိ စက်တပ် ရေတွင်း(၂၈)တွင်း၊ အဝီစီရေတွင်း/ တုံကင်တွင်း(၃၇၂၀)တွင်းနှင့် ယင်းချောင်းရေအား အသုံးပြုလျက်ရှိပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး သွားလာရန် အတန်အသင့်ကောင်းမွန်သော်လည်း မိုးရာသီတွင် ရွာတွင်းလမ်းများမှာ သဲထုထူထပ်သောကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာဆက်သွယ်ထားသောလမ်းမှာ သွားလာရလွယ်ကူကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးအတွက် သုံးဘီးဆိုင်ကယ်၊ မော်တော် ဆိုင်ကယ်နှင့် မော်တော်ကားတို့ကို အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင် ဖုန်း ၊အင်တာနက် ၊ တီဗွီ ၊ ရေဒီယိုနှင့် စလောင်းများမှ သတင်းအချက်အလက်များကို လက်လှမ်းမီကြည့်ရှု အသုံးပြုကြပါသည်။ လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုများရှိသကဲ့သို့ ဆိုလာစနစ်အသုံးပြုသည့် အိမ်ထောင်စုများလည်း များပြားကြောင်း တွေ့ရှိရပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ**

စိုက်ပျိုးရေးကြိုတင်ချေးငွေများကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပါသည်။ ချေးငွေကို (၁)လအတိုးနှုန်း (၀.၈)ကျပ်တိုးနှင့် (၁)ကေလျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ကေအတွက် ချေးယူနိုင်ကြပါသည်။ ပုဂ္ဂလိက ငွေစုငွေချေးအသင်းများမှလည်း ငွေထုတ်ချေးသူများ အသင့်အတင့် ရှိပါသည်။ ကျေးရွာသူ/သား အများစုသည် အကြောင်းအရင်း မျိုးစုံတို့အတွက် အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး သွင်းအားစုအတွက် ချေးငွေလိုအပ်ချက်များပြားလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေး**

ကျေးရွာတွင် အထက်တန်းခွဲကျောင်း ရှိပါသည်။ ကျေးရွာ၏ အသက်(၆၀)အထက် ပုဂ္ဂိုလ်များသည် ဘုန်းကြီးကျောင်းပညာရေးအဆင့် အများဆုံးဖြစ်ပြီး ကျေးရွာ၏ လူဦးရေ အများစုသည် အလယ်တန်းအဆင့် ရှိသူများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျောင်းသား အင်အားနှင့် စာသင်ကျောင်းဆောင် မျှတမှုရှိသော်လည်း ဆရာ/ဆရာမ အင်အား လုံလောက်မှုမရှိပါ။ ကျေးရွာတွင် အထက်တန်းပညာ တတ်မြောက်သူနှင့် ဘွဲ့ရပညာတတ်လူငယ် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ကျန်းမာရေး

အုန်းတွဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး တာဝန်ကျ ကျန်းမာရေးဝန်ထမ်းမှ သတ်မှတ်ရက်များတွင် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုး၊ ဆီးချိုရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး ရာသီအကူးအပြောင်းတွင် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါများဖြစ်တတ်ပါသည်။ ပုံမှန်ကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ရက်များတွင် ဆောင်ရွက်မှုများ တွေ့ရှိရပါသည်။ ရောဂါအခြေအနေပေါ်မူတည်ပြီး မကွေးမြို့ပေါ်ရှိဆေးရုံများနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူကြကြောင်း တွေ့ရှိရပါသည်။

## (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အုန်းတွဲကျေးရွာတွင် ယာမြေကေများသော်လည်း မြေဆီလွှာ အသင့်အတင့်သာကောင်းမွန်ပြီး စိုက်ပျိုးရာတွင် အခက်အခဲများရှိကြောင်း တွေ့ရှိရပါသည်။ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအနေဖြင့် အချို့အိမ်ထောင်စုများသည် (၂)ပတ်လျှင် (၁)ကြိမ် အမှိုက်ကောက်ကြပြီး ရွာအနောက်ဘက်တွင် မြေကျင်းတူး၍ စွန့်ပစ်ကြောင်း တွေ့ရှိရပါသည်။ ဘေးအန္တရာယ်ဖြစ်စေသော မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်လူငယ်များ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ မီးကျင်း၊ မီးကဒ်၊ မီးချိတ်၊ ရေကားရေအိုးများထားရှိခြင်းစသော ကြိုတင် ကာကွယ်မှုများကို ခြောက်သွေ့ရာသီဖြစ်သော နွေရာသီတွင် အထူး ဂရုပြုကြပါသည်။

သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေးအတွက် လမ်းများတွင် အမှိုက်ပုံများ၊ အမှိုက်အိတ်များထားရှိပါသည်။ သစ်တောမပြုန်းတီးစေရေးအတွက် အိမ်တိုင်း လျှပ်စစ်မီးနှင့် အေဝမ်းမီးဖိုသုံးစွဲကြပါသည်။ စိုက်ပျိုးရေးသုံးဓါတု ပိုးသတ်ဆေးဗူးအခွံများကိုလည်း မြေမြှုပ်ခြင်း၊ မီးရှို့ခြင်းစသည်ဖြင့် လူနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် အသိပညာပေး၍ လိုက်နာဆောင်ရွက်စေပါသည်။

## (ဇ) ကျား-မရေးရာ

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးအဖွဲ့များတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှု အားကောင်းသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင် လက်သမားပန်းရံလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခမရရှိပါ။ ကျေးရွာအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်ခြင်းမရရှိသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား/မရေးရာ ပြဿနာနည်းပါးပြီး ညှင်းပန်းနှိပ်စက်မှုများ မတွေ့ရှိရပါ။

**မကွေးမြို့နယ်၊ အုန်းတွဲကျေးရွာ**

**၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက်တွင် ရင်းနှီးမြှပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ဦးစားပေးအဆင့်လုပ်ငန်းများစာရင်း**

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | | စီမံချက်အမည် | | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | မကွေး | အုန်းတွဲ | (၁) | အုန်းတွဲ | (၁) | ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းစီမံချက် | ဦးစားပေးအဆင့်(၁) | |
| | | | | | (၂) | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၂) | |
| | | | | | (၃) | အရန်မီးသတ်စခန်းတည်ဆောက်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၃) | |
| | | | | | (၄) | တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၄) | |
| | | | | | (၅) | စင်မြင့်ရေစင်တည်ဆောက်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၅) | |
| | | | | | (၆) | အိမ်တိုင်ရာရောက်ရေရရှိရေးစီမံချက် | ဦးစားပေးအဆင့်(၆) | |
| | | | | | (၇) | ကုန်ထုတ်လမ်းခင်းခြင်းစီမံချက် | ဦးစားပေးအဆင့်(၇) | |

| မကွေးမြို့နယ်၊ အုန်းတွဲကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာ/အခက်အခဲ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတား | ဖြေရှင်းရမည့် နည်းလမ်း | စီမံချက် |
| ၁ | ရွာတွင်းလမ်း မကောင်းခြင်း | မိုးရေများခြင်းကြောင့် ချိုင့်ခွမ်း၊ ကုန်းဆင်း၊ ကုန်းတက်များဖြစ်ပေါ်၍ ပျက်စီးခြင်း | ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း | ငွေကြေးမလုံလောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊ | ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းစီမံချက် |
| ၂ | ကျောင်းစာသင်ခန်း မလုံလောက်ခြင်း၊ | ကျောင်းစာသင်ခန်းမလုံလောက်၊ ကျောင်းသားများနေ၍ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် လိုအပ်လာခြင်း | ဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ ကျေးရွာမှရန်ပုံငွေထည့်နိုင်ခြင်း၊ | ငွေကြေးခက်ခဲခြင်း၊ | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊ | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း စီမံချက် |
| ၃ | မီးဘေးအန္တရာယ်ကြုံတွေ့ပါက အလွယ်တကူ မီးသတ်စခန်းဌာန မရှိခြင်း | မြို့နယ်အတန်အသင့် အလှမ်းဝေးသည့်အတွက် မီးဘေးအန္တရာယ်ကြုံတွေ့ပါက ကျေးရွာတွင်း အချိန်မီ လွယ်ကူစွာ မီးငြိမ်းသတ်နိုင်ရန် အဆောက်အဦနှင့် ယာဉ်မရှိခြင်း | ကျေးရွာမှထည့်ဝင်နိုင်ခြင်း၊ | ငွေကြေးမလုံလောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊ | အရန်မီးသတ်စခန်းတည်ဆောက်ခြင်းစီမံချက် |
| ၄ | ကျေးရွာအတွင်း ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း လူဦးရေများခြင်းကြောင့် မလုံလောက်ခြင်း | ကျေးရွာမှာ လူဦးရေများပြားခြင်းကြောင့် ကျန်းမာရေးဆေးခန်းနှင့် မလုံလောက်ခြင်း | ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း၊ | ငွေကြေးမလုံလောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊ | တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းစီမံချက် |
| ၅ | သောက်သုံးရေ အလွယ်တကူမရရှိခြင်း၊ | သောက်သုံးရေသုံးစွဲရန် လက်တွန်းလှည်းနှင့်တွန်း၍ အလှည့်ကျစောင့်ရခြင်း၊ | ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်ခြင်း၊ | ငွေကြေးမလုံလောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊ | စင်မြင့်ရေစင်တည်ဆောက်ခြင်းစီမံချက် |
| ၆ | သောက်သုံးရေသယ်ယူရန် လှည်း၊နွား ရှားလာခြင်း၊ ရေခပ်ရန်အချိန်ပေးရခြင်း၊ | ရေခပ်ရန်အတွက် အချိန်ပေးရခြင်း၊ ရေစည်ခ ဈေးကြီးခြင်း၊ | ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်ခြင်း၊ | ငွေကြေးမလုံလောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊ | အိမ်တိုင်ရာရောက်ရေရရှိရေးစီမံချက် |
| ၇ | စိုက်ခင်းများသို့ သွားသောလမ်းများ မကောင်းခြင်း | မိုးရေများခြင်းကြောင့် ချိုင့်ခွမ်း၊ ကုန်းဆင်း၊ ကုန်းတက်များဖြစ်ပေါ်၍ ပျက်စီးခြင်း | ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း | ငွေကြေးမလုံလောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊ | ကုန်ထုတ်လမ်းခင်းခြင်းစီမံချက် |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၃ | ၆ | ၁၉ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅၁ | ၄၂ | ၉၃ | | ၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသား အရွယ် | ၆၇ | ၁၀၁ | ၁၆၈ | ၁ | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၇၀ | ၁၁၂ | ၁၈၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၀၁ | ၁၀၄၇ | ၁၇၄၈ | ၃ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၇၄ | ၉၄ | | |
| စုစုပေါင်း | | ၉၂၂ | ၁၃၈၂ | ၂၃၀၄ | ၄ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၈၇၂ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့် သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေပေါ်များပြီး (၆၅) နှစ်အထက် သက်ကြီးရွယ်ကြီးတွင် အမျိုးသမီးဦးရေများပြားကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူ အမျိုးသား(၄)ဦးနှင့် အမျိုးသမီး (၁)ဦး၊ စုစုပေါင်း(၅)ဦးရှိကြောင်း တွေ့ရှိရပါသည်။ သက်လတ်ပိုင်း လူငယ်များ များပြားလျက်ရှိသော်လည်း ကျေးရွာတွင် ကျေးရွာတွင် ၁နှစ်အောက် နို့စို့ကလေးအရွယ် နည်းပါးသည့်အတွက် ကလေးမွေးဖွားမှုနှုန်း ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၀၂ | ၁၁၅၄ | ၂၆ | ၆ | ၄၆ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၇ | ၁၀၃ | ၆ | ၃ | ၁၈ | | မြင့်☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | | | | ၁၂၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☐<br>လတ်☑<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၁၈ | ၁၈ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၈ | ၁ | | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | | | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | | | | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၁၅ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား /ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | ၁၀၃ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀၃ | ၂၀၃ | ၁၀ | ၃ | ၁၀ | | မြင့် ☐<br>လတ်☑<br>နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလို ပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းအား စိုက်ပျိုးရေး လုပ်ငန်းနှင့် တွဲဖက်၍ တပိုင်တနိုင် မွေးမြူကြခြင်းဖြစ်ပါသည်။ အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ပန်းရံလုပ်ငန်းအား မကွေးမြို့ပေါ်ရှိ ကုမ္ပဏီများတွင် သွားရောက်လုပ်ကိုင်သူ များပြားကြောင်းနှင့် စက်ချုပ်လုပ်ငန်း၊ လက်လီလက်ကားဈေး ရောင်းဝယ်ခြင်းနှင့် ပြင်ပကုမ္ပဏီများတွင် လုပ်ကိုင်သူ အသင့်အတင့်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန်ငါး ဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင် နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလက်သမား ပန်းရံလုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခ မရရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၂၀၀ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၅၀ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၂၅၀ | ☒ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊

(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊

(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊

(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ယာမြေကေ အသင့်အတင့် ပိုင်ဆိုင်ကြပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် ယင်းချောင်းရှိသည့်အတွက် အဆိုပါချောင်းရေကျချိန်တွင် ကျန်ခဲ့သည့်ကိုင်း/ကျွန်းမြေများတွင် အာလူး၊ ကြက်သွန်၊ ငရုတ်၊ ပန်းအမျိုးမျိုးတို့အား စိုက်ပျိုးကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြား တွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။) | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့်☑<br>နည်း☐ မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☑ သင့်☐<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ ☑ သင့်☐<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑<br>အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|
| **သစ်တော – အပူပိုင်း သစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော – ဒီရေတော များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနေဖြင့် သတ္တု၊ ဓာတ်ငွေ့၊ ရေနံနှင့် ကျောက်မျက်ရတနာများ ထွက်ရှိခြင်းမရှိပါ။ ချောင်းသဲထုတ်ယူ၍ လွယ်ကူသော်လည်း ကျောက်စရစ်များ ထွက်ရှိခြင်း မရှိပါ။ စိုက်ပျိုးရေအတွက် ချောင်းရေနှင့် မိုးရေကိုအားထားပြီး သောက်ရေ၊ သုံးရေ ဖူလုံကြောင်း တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၈ | ၅၀၂ | ၃၀၀ | ၆၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စုများပြားပြီး အလွန်အဆင်မပြေသော အိမ်ထောင်စု(၆၂)စုရှိပါသည်။ စားဝတ်နေရေးအတွက် လက်လုပ်လက်စားလုပ်ကိုင်စားသောက်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(င–၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | ၁ | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသောအသက်(၆၅)နှစ်အထက် အမျိုးသား (၁)ဦးရှိပြီး ဘုန်းကြီးကျောင်းနှင့် ရပ်ရွာ၏ အထောက်အပံ့ဖြင့် အသက်မွေးလျက်ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများပြားပြီး မပြေလည်သည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၆)စုရှိကြောင်း တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေဇယား

(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်း | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော် | | | | | | |
| ၈ | အပူလှိုင်း | √ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | √ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | √ | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | √ | | | | |
| ၁၈ | သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း | √ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | √ | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | √ | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု | | √ | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။

(ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

